ညိုးကိုကို (မြွေတကော်)

# အနှိုင်းမဲ့ ရင်ခွင်



## အခန်း(၁)

ပေါင်းသင်မြေဆွ အပင်တွေလှအောင် ပျိုးထောင် စိုက်ပျိုးနေတဲ့ ဥယျာဉ်မှူး တစ်ယောက်ရဲ့ ရင်ထဲမှာ အပင်တွေ ဖြစ်ထွန်းနေတာကို မြင်ရလျှင် ကြည်နူး ပျော်ရွှင်ပီတိ ဖြစ်တတ်ကြ၏ ...

အသိုက်မှာ ဝပ်နေသော မိခင် ငှက်မကြီးဟာလည်း ဥလေးတွေမှ အကောင်လေးတွေ ပေါက်လာ ပြန်တော့လည်း အပျံ သင်ပေးပြန်သည် ။ အပျံတတ်လို့ မိခင်ငှက်မရဲ့ ရင်ခွင်ကို စွန့်ခွာခဲ့ပြန်တော့လည်း ပြန်လာမယ့် နေ့ရက်ကို မျှော်တလင့်လင့် စောင့်မျှော် နေရပြန်သည် ။ မျှော်တလင့်လင့် စောင့်မျှော် နေရသော မိခင်ငှက်မကြီးနဲ့ အသွင် အလားသဏ္ဍာန်တူတဲ့ မြတ်ခင်းစိမ်းစိမ်း ကုက္ကိုပင်ကြီးကြီးနဲ့ ယှဉ်တွဲနေသော ယိုင်နဲ့ အိုဟောင်း နေပေမဲ့ မပျက်ယွင်းသေးသော အိမ်လေးထဲမှာ သားသမီး နှစ်ယောက်ရဲ့ ဓာတ်ပုံကို ကြည့်ရင်းဖြင့် တမ်းတကာ မျှော်နေရှာသော ဒေါ်နှင်းမြဟာ မျက်ဝန်းမှ မျက်ရည်များ ဝေ့ဝဲလာချိန်မှာ ခင်မွန်းသည် လင်ယောက်ျား ဦးကျော်ဇ ရောက် လာပြီး ...

''မနှင်းမြ လက်ထဲမှာ လည်း သားနဲ့ သမီး ဓာတ်ပုံကိုင်လို့ မျက်ဝန်းမှာ လည်း မျက်ရည်တွေ ဝဲနေပါလား ဘာဖြစ်နေတာလဲ ဘာတွေတွေးနေ တာလဲကွယ်''

ဦးကျော်ဇ ဒေါ်နှင်းမြရဲ့ ထိုသို့မေး လိုက်တဲ့ အခါ။ ထို့နောက် ဒေါ်

နှင်းမြက သားနဲ့ သမီး ဓာတ်ပုံကို လက်ကလေးနဲ့ ပွတ်သပ်လိုက်ရင်း ...

''ကျွန်မလေ သားနဲ့ သမီးကို လွမ်းလို့ ပါတော် ရှင်ကလည်း မေးမှ မေးရက်ပလေ ကိုကျော်ဇရယ်''

ဦးကျော်ဇတစ်ယောက် ဇနီးဖြစ်သူ ဒေါ်နှင်းမြက ငိုသံသဲ့သဲ့နှင့် ထိုသို့ ပြောတာကို ကြားလိုက် ရပြီးနောက် သားနဲ့ သမီးကို သတိရစိတ် ဝင်လာပြီး ...

''ဟုတ်တယ်နော် မနှင်းမြ သားနဲ့ သမီး ငါတို့ ဆီမလာတာ ကြာပြီ နော် မအားလို့ မလာနိုင်တာ ဖြစ်မှာ ပါဟာ''

ဦးကျော်ဇဟာ ဇနီးဖြစ်သူ ဒေါ်နှင်းမြရဲ့ ထိုသို့နှစ်သိမ့် ပြောနေရင်း မျက်ဝန်းမှ မျက်ရည်များ ဝေ့ဝဲလာခြင်းနှင့် အတူ အတိတ်မှ အကြောင်းများကို သတိရ၍ ပြန်လည်ကာ မြင်ယောင်၍ ပြန်တမ်းတမိ နေသည် ။

***

# အခန်း(၂)

ယနေ့မှာ တော့ သာယာလှတဲ့ နံနက်ခင်းနှင့်အတူ ဦးကျော်ဇနှင့် ဒေါ်နှင်းမြဟာ သားနှင့်သမီးကို ကျောင်းသွားကြရန် ပြင်ဆင်ပေး နေကြလေသည် ။ ထိုအချိန်မှာ ပဲ သမီးကြီးဖြစ်သူ ကြည်ပြာဟာ ဒေါ်နှင်းမြအနားသို့ ရောက် လာပြီး ...

''မေမေ သမီး ဘာကူလုပ် ပေးရဦး မလဲရှင့်''

သမီးကြည်ပြာက အလိုက်တသိဖြင့် ထိုသို့ မေးတဲ့ အခါ မိခင် ဒေါ်နှင်းမြက ...

''ဘာမှ မကူပါနဲ့ ရှင် ငါ့သမီးလေးက လိမ္မာလိုက်တာ။ ငါ့သမီးလေးသာ ကျောင်းသွားရဖို့ လွယ်အိတ်ထဲမှာ ခဲတံတွေ စာအုပ်တွေ မစုံအစုံစစ်ဟုတ်ပြီလား''

''ဟုတ်ကဲ့ မေမေ''

ထိုသို့ပြောပြီး ခေါင်းလေးဆတ်ကာ ကြည်ပြာတစ်ယောက် မိခင်အနားမှ ထွက်ခွာ၍ စာအုပ်ခဲတံများ စစ်နေချိန် ဒေါ်နှင်းမြ ကျေနပ်ပီတိပြုံးနေသည် ။ ထို့နောက် ခဏအကြာမှာ ဦးကျော်ဇဟာ သားငယ်နေလရဲ့ လက်ကိုဆွဲပြီး အိမ်အခန်းထဲမှ ထွက်လာသည် ။

''မနှင်းမြ ကြည့်ပါဦး သားငယ်လေးက အဖြူစိမ်း ဝတ်စုံလေးနဲ့ ဆို တော့ ဘွဲ့ရပညာတတ် ဖြစ်မယ့် ဥပဓိရုပ်ပဲ''

ဦးကျော်ဇဟာ သားငယ် နေလကိုကြည့်ရင်း ဝမ်းသာအားရဖြင့် ထိုသို့ ပြောနေချိန်၌ သမီးကြည်ပြာက ...

''ဟင်ဖေဖေနဲ့ မေမေတို့ က မောင်လေးကိုကျ ချီးကျူးစကား ပြော နေလိုက်ကြတာ သမီးကျ မချစ်ကြလို့ လား အင်''

သမီးကြည်ပြာက နှုတ်ခမ်း စူပုပ်ပုပ် မျက်နှာလေးဖြင့် ထိုသို့ ပြော တဲ့ အခါ ဦးကျော်ဇက ...

''မဟုတ်ပါဘူး သမီးရယ် မောင်လေး သမီးကို ဘယ်သူကိုမှ ဘက်မ လိုက်ပါဘူး အတူတူပဲ ဖေဖေမေမေတို့ က ချစ်ပါတယ်။ ဟော့ဒီက သမီး ကြီးကလဲ ဖေဖေမေမေတို့ အားကိုးရမယ့် ဆရာဝန်ဖြစ်မယ့် ဥပဓိရုပ် ပါ ပဲဗျာ'

ဦးကျော်ဇက သမီးကြည်ပြာရဲ့ ပခုံးလေးကို ကိုင်၍ ဝမ်းသာအားရဖြ င့် ထိုသို့ ပြောပြန်တဲ့ အခါ ... ကြည်ပြာဟာ ကျေနပ်စွာဖြင့် ပြုံးနေသည် ။ ထို့နောက် ဒေါ်နှင်းမြက ...

''ကိုင်း ဒီသားအဖတွေ စိတ်ကူးယဉ်ပြီး အဲဒီလောက်ထိ အပျော်လွန် မနေနဲ့ ။ ကလေးတွေ ကျောင်းနောက်ကျလို့ အပြစ်ပေးခံ နေရဦးမယ် ရှင့်''

ထိုသို့ ပြောသောအခါ ဦးကျော်ဇက ...

''ဩော် ... ဟုတ်သားပဲ ငါ့သားနဲ့ ငါ့သမီး ကျောင်းနောက်ကျ တော့ မှာ ပဲ ဖေဖေနဲ့ မေမေ အတူတူ ကျောင်းလိုက်ပို့ ပေးမယ်နော်''

လို့ ပြောပြီးနောက် သားနှင့်သမီးကို အလယ်မှာ ထား လက်ဆွဲ၍ ဦး

ကျော်ဇနှင့် ဒေါ်နှင်းမြတို့ ဟာ ကျောင်းသို့လိုက်ပို့ ကြလေသည် ...

မိသားစု တပျော်တပါး သားနှင့်သမီးကို လိုက်ပို့ကြရင်းဖြင့် သားငယ်နေလက ဖခင်မျက်နှာကို ကြည့်ရင်းဖြင့် ...

''ဖေဖေ သားကြီးလာရင်လေ ဖေဖေနှင့်မေမေ့ကို ပြုစုစောင့်ရှောက်မယ်နော်''

သားငယ်နေလရဲ့ စကားအဆုံးမှာ ပဲ သမီးကြည်ပြာက။

''မေမေနဲ့ ဖေဖေ သမီးကြီးလာ ရင်လည်း လေ ဆရာဝန်မကြီး လုပ်ပြီး ပြုစုလုပ်ကျွေးမယ်နော်''

သမီးကြည်ပြာရဲ့ စကားအဆုံးမှာ ပဲ ဦးကျော်ဇနှင့် ဒေါ်နှင်းမြက အပြုံးပန်း ဝေဆာဖြင့်။

''ကြည့်စမ်း ငါ့သားနဲ့ ငါ့သမီးက လိမ္မာလိုက်တာကွယ်''

''ကဲ ... သားနှင့်သမီး ကျောင်းနားရောက်ပြီ ကျောင်းထဲ ဝင်ကြတော့နော်''

ထိုသို့ ဒေါ်နှင်းမြ ပြောပြီးနောက် သားနှင့်သမီးဟာ တစ်ယောက်လက်ကို တစ်ယောက်ဆွဲပြီး ကျောင်းထဲ ဝင်သွားတာကို ကြည့်ရင်း ဦးကျော်ဇနှင့် ဒေါ်နှင်းမြ မျက်ရည်များ ဝေ့ဝဲလာသည် အထိ ပျော်ရွှင်ကျေနပ် နေကြသည် ။

***